ဖွန် (၈)

ငါတို့သည် အားမလျော့ စိတ်မပျက်ဘဲ ကောင်းသောအကျင့်ကို ကျင့်ကြကုန်အံ့။ ထိုသို့တည်ကြည်၍ကျင့်လျှင် အချိန်တန်သော ကာလ၌ အသီးအနှံကို ရိတ်ရကြလိမ့်မည်။

**တစ်ခါ**တစ်ရံ ကောင်းသောအလုပ်တစ်ခုကို အစပြုရန် မိမိတို့အနေနှင့် အခက်အခဲမရှိလှသော်လည်း နောက်ဆုံးပေးရမည့် အဖိုးအခကို မြင်လာသောအခါ ထိုအလုပ်ကို ပြီးမြောက်အောင် မလုပ်ချင်တော့။ ကောင်းစွာအစပြုခဲ့သော အလုပ်တစ်ခုက တစ်ဝက်တစ်ပျက် ပြီးမြောက်ခဲ့သော်လည်း မိမိတို့အနေနှင့် ယင်းကိုပြီးမြောက်အောင် မဆောင်ရွက်နိုင်ခဲ့လျှင် ဘယ်အရာမျှ ဖြစ်မလာတော့။ လုပ်ငန်းကြီးကြီးမားမားကို ဆောင်ရွက်တော့မည်ဆိုလျှင် မစမီ ကုန်ကျမည့်စာရိတ်ကို ရှေးဦးစွာတွက်ချက်ရမည် ဖြစ်ကြောင်းကို သခင်ယေရှုက သွန်သင်ခဲ့ရာ မျှော်စင်တည်ဆောက်မှုမှအစ စစ်မက်တိုက် ခိုက်ခြင်းအဆုံး မိမိတို့အနေနှင့် ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့ အသေအချာ အစီအမံ ပြုရမည်သာဖြစ်သည်။ (လုကာ ၁၄း ၂၈–၃၂) မိမိတို့အနေနှင့် သခင်ဘုရားအတွက် လုပ်ငန်းတစ်ခုကို အစပြုလျှင် မဆုတ်မနစ်ရေဆုံးရေဖျား ကြိုးပမ်း ဆောင်ရွက်ဖို့လိုအပ်သည်။ ထိုသို့မဟုတ်လျှင် မိမိတို့သည် ထိုအလုပ်ကို အစမပြုခဲ့ခြင်းကပင်လျှင် ပို၍ ကောင်းပေလိမ့်မည်။

ဘုရားရှင်အတွက် အများဆုံးပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့သော ယောက်ျားမိန်းမများသည် များသောအားဖြင့် ခဲယဉ်းခက်ခဲသော အခြေအနေအချိန်ကာလများတွင်လည်း မိမိတို့အလုပ်ကို စွဲမြဲစွာလုပ်ဆောင်ခဲ့ကြသည့် သာမန်လူသားများသာဖြစ်ကြောင်းကို မိမိတို့ကိုယ်မိမိတို့ သတိပေးဖို့လိုအပ်ပါသည်။ မိမိတို့သည် ဘုရားရှင်ပေါ် တည်ကြည်သစ္စာရှိပြီး ထိုအလုပ်ကို စွဲမြဲစွာလုပ်ဆောင်လျှင် မိမိတို့အားဖြင့် ဘုရားသခင် လုပ်ဆောင်နိုင်သော အရာများသည်အမှန်တကယ်ပင် ကန့်သတ်မှုမရှိတော့ပါ။

(ဆုတောင်း) သခင်ဘုရား မိမိတို့အတွင်း၌ ကောင်းသောအလုပ်ကို စတင်သူမှာ ကိုယ်တော်သာလျှင် ဖြစ်ကြောင်းနှင့် ကိုယ်တော်အစပြုသည့်အမှုကို ကိုယ်တော်သည် ပြီးမြောက်စေလိမ့်မည်ဖြစ်ကြောင်း ကတိတော်ထားရှိခဲ့သည်။ (ဖိလိပ္ပိ ၁း၆) ကိုသတိရရန် ကျွန်ုပ်တို့အား မစတော်မူပါ။ ယုံကြည်ခြင်း၊ စိတ်ရှည်ခြင်းနှင့် စွဲမြဲစွာခွဲနှင့် လုပ်ဆောင်ခြင်းတို့ကို ကိုယ်တော်ပေးအပ်သော အလုပ်များအားပြီးမြောက် အောင်မြင်စွာဆောင်ရွက်နိုင်သည်အထိ သို့မဟုတ် အခြားအလုပ်တစ်ခု မိမိတို့အတွက် မရှိမချင်း ဖြစ်သည်အထိ လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့အားပေးတော်မူပါ။ အာမင်။